


# နှေးထွေးစွာ ကြိုဆိုမှုများနှင့်အတူ မြန်မာနိုင်ငံ ၊ တနင်္သာရီဒေသကြီးသို့ နေရပ်ပြန်လာသော ထမ်းဟင်စခန်းမှ ရေခဲမုန့်သည်ကြီး

©UNHCR

*၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ထမ်းဟင်စခန်းမှ မိမိဆန္ဒအလျောက် နေရပ်ရင်းသို့ ပြန်လာခဲ့ပြီးနောက် ထွန်းထွန်းဝင်းနှင့် သူ၏မိသားစုသည် မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းရှိ မေတ္တာမြို့တွင် ပြန်လည်အခြေချ နေထိုင်နေကြပြီဖြစ်သည်။ ကလေးများမှာ စာသင်ကျောင်းသို့ ပြန်လည်တက်ရောက်နေကြပြီ ဖြစ်ပြီး ၎င်းတို့၏ဖခင်ဖြစ်သူမှာ သူအကောင်းဆုံးတတ်ကျွမ်းထားသော ရေခဲမုန့်နှင့် ပလာတာရောင်းချခြင်းကို စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် စတင်လုပ်ကိုင်ရန် စီစဉ်နေပြီဖြစ်သည်။*

မေတ္တာမြို့ ၊ မြန်မာနိုင်ငံ ၊ နိုဝင်ဘာလ ၉ ရက် ---- မြန်မာဒုက္ခသည်တစ်ဦးဖြစ်သူ ထွန်းထွန်းဝင်းသည် သူ၏သူငယ်ချင်းများအား ၎င်းမှ မြန်မာနိုင်ငံသို့ ပြန်ချင်ကြောင်းပြောပြသောအခါ အများက သူ့အားရူးနေပြီဟု ထင်ခဲ့ကြသည်။ တကယ်တော့ ထိုင်းနိုင်ငံရှိ ထမ်းဟင်စခန်းတွင် နေထိုင်ရသော ဘဝသည်လည်း မဆိုးလှပေ။ အသက်မွေးဝမ်းကျောင်းအတွက် သူသည် ရေခဲမုန့်ရောင်းခြင်းဖြင့် အသက်မွေးခဲ့သည်၊ သူ၏ဇနီးဖြစ်သူ စိုင်းနာမှာ လူထုအခြေစိုက်အဖွဲ့အစည်းတွင် အလုပ်လုပ်ခဲ့ပြီး သူ၏ကလေးများအားလုံးမှာ ကျောင်းတက်ခဲ့ကြသည်။

" ကျွန်တော်တို့မှာ ပူပန်စရာ တချို့လေတော့ ရှိသေးတာပေါ့ ၊ ဒါပေမယ့် ကျွန်တော်တို့ ပြန်မယ်လို့ပဲ ဆုံးဖြတ်ခဲ့ကြပါတယ်၊ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံက ကျွန်တော်တို့ရဲ့ မွေးရပ်မြေပဲလေ၊ ကိုယ့်ရပ်ကိုယ့်မြေမှာပဲ ကျွန်တော်တို့ရဲ့ဘဝကို ပြန်လည်ထူထောင်ချင်ပါတယ် " ဟု ၎င်းတို့၏ နေရပ်ပြန်မည့် အစီအစဉ်များကို ဆွေးနွေးတိုင်ပင်ရန်အတွက် ယခုနှစ်အစောပိုင်း၌ ၎င်းတို့မှ UN ဒုက္ခသည်အဖွဲ့အစည်းထံသို့ ချဉ်းကပ်လာစဉ်အတွင်း သူက ပြောပြခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ စိုးရိမ်ပူပန်မှုများထဲမှ တစ်ခုမှာ ၎င်းတို့နေရပ်ပြန်ရန် စီစဉ်ထားသော စိုင်းနာ၏မိသားစု နေထိုင်သည့် မေတ္တာမြို့နှင့်ပတ်သတ်၍ သတင်းအချက်အလက်များ မရရှိခြင်းပင်ဖြစ်သည်။ UNHCR မှ ထိုနေရာတွင် ရရှိနိုင်သည့် လုံခြုံရေးဆိုင်ရာအခြေအနေများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ နှင့် အသက်မွေးမှုဆိုင်ရာ အခွင့်အလမ်းများ စသည်ဖြင့် မြို့နှင့်ပတ်သတ်သော သတင်းအချက်အလက်များစွာကို ၎င်းတို့အား ဝေမျှပေးခဲ့သည်၊

၎င်းတို့ကိုယ်တိုင် ထိုနေရာသို့ သွားရောက်လည်ပတ် ကြည့်ရှုခဲ့ပြီး ထိုသို့သွားရောက်ခြင်းသည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို သက်သာစေရန် အထောက်အကူဖြစ်စေခဲ့သည်။ ယခုနှစ် မတ်လတွင် ထွန်းထွန်းဝင်းသည် ဇနီးဖြစ်သူ၏ ဆွေမျိုးများနှင့် တွေ့ဆုံရန်နှင့် သူကိုယ်တိုင် အခြေအနေများကို ချင့်ချိန်အကဲဖြတ်နိုင်ရန်အတွက် မေတ္တာမြို့သို့ ခရီးထွက်ခဲ့သည်။ " အခုအများကြီး ပိုကောင်းလာပါပြီ " ဟု သူလေ့လာခဲ့သမျှကို ပြောပြခဲ့သည်။ "ကျွန်တော်တို့အမျိုးတွေ ပြောတာနဲ့ အတူတူပါပဲ။ အရင်တုန်းက သူတို့ အရာရာတိုင်းကို ကြောက်ရွံ့ထိတ်လန့်နေခဲ့ကြတယ်။ အခုတော့ လွတ်လွတ်လပ်လပ် သွားလာနိုင်ပါပြီ။"

လွန်ခဲ့သော လအနည်းငယ်က စိုင်းနာသည် အလုပ်ခရီးစဉ်နှင့်ပတ်သတ်၍ သူမ၏ရွာသို့ ဖြတ်သန်းသွားလာခဲ့သည်။ ထိုရွာတွင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ နည်းပါးခြင်းနှင့်ပတ်သတ်၍ စိတ်ပူစရာရှိသည်ကို သူမမှမြင်တွေ့သော်လည်း နေရပ်သို့ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ "နေရပ်ပြန်ရောက်တဲ့အခါ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ်လို့ မျှော်လင့်ထားပြီးသားပါ ၊ စခန်းထဲမှာ နေထိုင်ရတာလည်း ခက်ခဲမှုရှိတာပဲလေ။"

မတ်လ၌ ပထမဦးဆုံးအကြိမ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်ခြင်း ပြုလုပ်ချိန်အတွင်း ၎င်းတို့၏ နေရပ်ပြန်ခြင်းကို အဖွဲ့အစည်းမှ ပံ့ပိုးဆောင်ရွက်ပေးခြင်းမပြုမီ လုပ်ဆောင်ရမည့် အခြေအနေများနှင့်ပတ်သတ်၍ UNHCR က ၎င်းတို့အား အကြောင်းကြားခဲ့သည်။ မိသားစုမှ ၎င်းတို့၏အချက်အလက်များကို UNHCR မှ မြန်မာအစိုးရထံသို့ ဝေမျှပေးရန် သဘောတူညီခဲ့သည်၊ စက်တင်ဘာလ အစောပိုင်းတွင် မြန်မာအစိုးရသည် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စခန်းသို့ သွားရောက်လည်ပတ်ရန် စေလွှတ်ခဲ့သည်။ မိသားစု၏ MOI-UNHCR စာရွက်စာတမ်းများကို စစ်ဆေးပြီးသည့်နောက် ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့အား မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားလက်မှတ်(CoI)ထုတ်ပေးခဲ့ပြီး ယင်းလက်မှတ်သည် နှစ်လအတွင်း ခရီးသွားလာနိုင်သည့် ခရီးသွားလက်မှတ်ဖြစ်သည်။ နေရပ်ပြန်ပြီးနောက် ၎င်းတို့၏ကလေးများ စာသင်ကျောင်းသို့ မည်ကဲ့သို့ဝင်ရောက်နိုင်မည်နည်း အစရှိသည့် မေးခွန်းတချို့ကို မြန်မာအစိုးရ အရာရှိများထံ တိုက်ရိုက်မေးမြန်းနိုင်ရန် အခွင့်အရေးရရှိခဲ့သည်။

"ကျွန်မတို့ မြန်မာနိုင်ငံကနေ ထွက်ခွာလာတုန်းက ကျွန်မတို့ကလေးတွေက



*မြန်မာနိုင်ငံတွင် နေရပ်ပြန်လည် ရောက်ရှိပြီးနောက် ဘဝသစ် စတင်ရန်အတွက် အဆင်သင့်ရှိနေပြီဖြစ်သော ထွန်းထွန်းဝင်း နှင့် သူ၏မိသားစု* ©UNHCR

အရမ်းငယ်သေးတယ်၊ ဒါကြောင့် ကိုယ့်ဇာတိမြေနဲ့ပတ်သတ်ပြီး သူတို့ဘာမှ မမှတ်မိတော့ဘူး၊ ဒါပေမယ့် ကျွန်မတို့က သူတို့ကို ပြောပြခဲ့ပါတယ်၊ ကလေးတွေကလည်း ကျွန်မတို့နဲ့အတူ မြန်မာနိုင်ငံကို ပြန်လိုက်ချင်တဲ့ဆန္ဒရှိကြပြီး မိသားစုနဲ့အတူနေချင်ကြတယ် " ဟု စိုင်းနာမှ သူမ၏ကလေးများဖြစ်ကြသော အသက်(၆)နှစ် မှ (၁၃)နှစ် အတွင်းတွင်ရှိ မိန်းကလေး(၃)ယောက်နှင့် ယောကျ်ားလေးတစ်ယောက်အကြောင်းကို ပြောပြခဲ့သည်။

UNHCR မှ ၎င်းတို့၏ကလေးများအတွက် ပညာရေးလက်မှတ်များနှင့် အခြားသက်ဆိုင်ရာမှတ်တမ်းများ ရရှိရန် ၎င်းတို့အား တိုက်တွန်းခဲ့သည်။ ၎င်းတို့အား အပြည်ပြည်ဆိုင်ရာအကူအညီပေးရေးအဖွဲ့(IRC)မှ လုပ်ဆောင်နေသော စခန်းတွင်းဆေးပေးခန်းများထံသို့လည်း လိုအပ်မည့် ဆေးဝါးများနှင့် မည်သည့်ဆေးမှတ်တမ်းများကိုမဆို ရယူနိုင်အတွက် လွှဲပြောင်းပေးခဲ့သည်။

အောက်တိုဘာလ(၂၁)ရက်နေ့တွင် UNHCR မှ မိသားစုအား နောက်ထပ်ဆွေးနွေးလမ်းညွှန်မှု ပေးခဲ့ပြီး နေရပ်ပြန်မည့် ၎င်းတို့၏ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့သည်။ စခန်းထဲမှ ထွက်ခွာမည့်နေ့တွင် ပံ့ပိုးပေးမည်ဖြစ်သော ငွေကြေးနှင့် ပစ္စည်းအကူအညီများ၊ အချိန်ဇယားနှင့် ခရီးလမ်းသယ်ယူပို့ဆောင်ရေးစီစဉ်ပေးမှုများ နှင့် မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရန်အတွက် UNHCR ၏ပံ့ပိုးကူညီပေးမှု စသည်ဖြင့် အသေးစိတ် အချက်အလက်များကို ၎င်းတို့မှ လက်ခံရရှိခဲ့သည်။

ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အရာရှိများမှလည်း စခန်းထဲသို့ လာရောက်ခဲ့ပြီး နယ်စပ်ဖြတ်ကျော်ရေး လုပ်ငန်းစဉ်များတွင် လွယ်ကူရှင်းလင်းမှုရှိစေရန်အတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၎င်းတို့မှ ဆောင်ရွက်ပေးခဲ့သည်။ Handicap International (HI)မှ မိုင်းအန္တရာယ် ပညာပေးသင်တန်းများ ပေးခဲ့ပြီး IRC မှ မိသားစုအား ခြင်ထောင်အပါအဝင် ၎င်းတို့ပံ့ပိုးပေးထားသော သောက်သုံးရေနှင့် တကိုယ်ရေသန့်ရှင်းရေးပစ္စည်းများအား မည်ကဲ့သို့ အသုံးချရမည်ဆိုသည်ကို သင်ကြားပေးခဲ့သည်။

အချိန်အတော်ကြာ မျှော်လင့်စောင့်စားပြီးသည့်နောက် အောက်တိုဘာလ(၂၅) ရက်နေ့တွင် မိသားစုဝင်ခြောက်ဦးသည် ထွက်ခွာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ UNHCR နှင့် IOM မှ ၎င်းတို့အား ဖူးနမ်းရွှန်နယ်စပ်ဖြတ်ကျော်ရာနေရာသို့ လိုက်လံပို့ဆောင်ခြင်းမပြုမီ စာရွက်စာတမ်းများ ၊ ငွေကြေးနှင့် အစားအစာမဟုတ်သည့်ပစ္စည်း အကူအညီများကို ၎င်းတို့မှ လက်ခံရရှိခဲ့သည်။ တစ်ရက်တည်းမှာပင် မိသားစုအား မြေတ္တာမြို့သို့ လိုက်လံမပို့ဆောင်မီ ထိုနေရာတွင် နစ်ဖက်အစိုးရမှ ထွက်ခွာ/လက်ခံခြင်းအခမ်းအနားတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ ထို့ပြင် ထိုင်းနိုင်ငံဘက်ခြမ်းရှိ ပံ့ပိုးကူညီမှုများအပြင် မြန်မာအစိုးရထံမှ ငွေကြေးပံ့ပိုးကူညီမှုများကိုလည်း ၎င်းတို့မှ လက်ခံရရှိခဲ့သည်။

ယခုအခါ ထွန်းထွန်းဝင်း၊ စိုင်းနာနှင့် ၎င်းတို့၏ကလေးများသည် မြေတ္တာမြို့၌ ဆွေမျိုးများနှင့်အတူ ယာယီ နေထိုင်လျှက်ရှိသည်။ သူမ၏ မိသားစုပိုင်ဆိုင်သည့် မြေကွက်ငယ်တစ်ကွက်ပေါ်တွင် ၎င်းတို့မှ ကိုယ်ပိုင်အိမ်တစ်လုံး ဆောက်လုပ်ရန် ရည်ရွယ်ထားသည်။

ကရင်ဒုက္ခသည်ပညာရေးကော်မတီ(KRCEE)မှ ထုတ်ပေးခဲ့သည့် ၎င်းတို့၏ပညာရေးလက်မှတ်များ ရရှိပြီးနောက် ကလေးများသည် စာသင်ကျောင်းသို့ အခက်အခဲ များများစားစားမရှိပဲ ဝင်ခွင့်ရရှိခဲ့သည်။ ယခုအခါ ကလေး(၄)ယောက်စလုံးသည် မြေတ္တာမြို့ရှိ အစိုးရစာသင်ကျောင်းတွင် တက်ရောက်ပညာသင်ယူနေကြပြီဖြစ်သည်။

နောက်ထပ်တစ်ဆင့်မှာ ၎င်းတို့၏ ဥပဒေဆိုင်ရာအခြေအနေများကို မြန်မာနိုင်ငံတွင် တရားဝင်ဖြစ်အောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထွန်းထွန်းဝင်းနှင့်စိုင်းနာသည် ၎င်းတို့၏ မှတ်ပုံတင်ကတ်ပြားများအား နေရာအထားမှားခဲ့သည်ဟု ထင်ခဲ့မိသော်လည်း ကံကောင်းထောက်မစွာဖြင့် ၎င်းတို့၏ဆွေမျိုးများသည် ၎င်းတို့၏ မှတ်ပုံတင်ကတ်အဟောင်းများကို သိမ်းဆည်းထားပေးခဲ့သည်။ ယခုအခါ ဇနီးမောင်နှံသည် သန်းခေါင်စာရင်းလျှောက်ထားခြင်းနှင့် မှတ်ပုံတင်လျှောက်ထားခြင်းလုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။

" မြန်မာနိုင်ငံမှာနေတာ လွယ်ကူမှာတော့ မဟုတ်ပါဘူး ၊ ဒါပေမယ့် ရရှိထားတဲ့ ပံ့ပိုးကူညီမှုတွေနဲ့အတူ မြေတ္တာမြို့အတွင်းမှာ ကျွန်မတို့ ဆိုင်အသေးလေးတစ်ဆိုင် ဖွင့်ဖို့ စီစဉ်နေပါတယ်" ဟု စိုင်းနာက ပြောပြခဲ့သည် ၊ ၎င်းတို့မှ ရေခဲမုန့်နှင့် ပလာတာရောင်းမည်ဖြစ်ကြောင်း ထပ်ပေါင်းပြောပြခဲ့သည်။

"ကျွန်တော့်ရဲ့ မျှော်လင့်ချက်ကတော့ စီးပွားရေးလုပ်ငန်းကနေတဆင့် ချမ်းသာလာဖို့နဲ့ ကျွန်တော့်ကလေးတွေရဲ့ အနာဂတ်ကို ပံ့ပိုးပေးဖို့ပါပဲ" ဟု သူမ၏အမျိုးသားက ပြုံးလျှက်ပြောပြခဲ့သည်။

ထမ်းဟင်စခန်းရှိ အခြားသောဒုက္ခသည်များထံသို့ သာဓကတစ်ခုဖြစ်စေရန်အတွက် မြန်မာနိုင်ငံရှိ ၎င်းတို့၏အခြေအနေများကို UNHCR မှ လိုက်လံကြည့်ရှုပေးရန် ဇနီးမောင်နှံက မေတ္တာရပ်ခံခဲ့သည်။ စခန်းထဲမှ ဒုက္ခသည်အများအပြားသည် နေရပ်ပြန်ချင်ကြသော်လည်း ယုံကြည်စိတ်ချမှုမရှိသေးကြောင်းကို စိုင်းနာက သတိပြုမိခဲ့သည်။

"စခန်းထဲမှာ ငြိမ်းချမ်းရေးအကြောင်း ပြောနေရုံနဲ့တော့ အထောက်အကူဖြစ်လာမှာ မဟုတ်ပါဘူး၊ မြန်မာနိုင်ငံကိုပြန်ပြီး အဲဒါကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် တွေ့ကြုံ ကြည့်ဖို့ကသာ ပိုပြီးအရေးကြီးတာပါ " ဟု သူမကပြောပြခဲ့သည်။ "အရေးကြီးတဲ့ အရာတစ်ခုကတော့ ကျွန်မတို့ ဘယ်နေရာမှာပဲရှိနေနေ ကျွန်မတို့အကောင်းဆုံး လုပ်ဆောင်နေဖို့ပါပဲ။ ကျွန်မတို့နေတဲ့နေရာက ကျွန်မတို့နိုင်ငံဖြစ်မယ်ဆိုရင် ပိုကောင်းတာပေါ့ ။"

UNHCR သည် မိမိဆန္ဒအလျောက် နေရပ်ရင်းသို့ ပြန်လည်အခြေချခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ ဒုက္ခသည်များထံ ပံ့ပိုးပေးနေသည့် အကြောင်းအရာ အချက်အလက်များသည် နောက်ဆုံးဖြစ်ပေါ်နေသော သတင်းအချက်အလက်များဖြစ်ကြောင်း သေချာမှုရှိစေရန်အတွက် ထိုင်းနိုင်ငံအစိုးရ ၊ မြန်မာနိုင်ငံအစိုးရ ၊ IOM ၊ NGOs ၊ CBOs ၊ KRC ၊ KnRC ၊ အလှူရှင်များ နှင့် အခြားသောအဖွဲ့အစည်းများ စသည်တို့နှင့်အတူ အနီးကပ် ဆက်လက် ဆောင်ရွက်လျှက်ရှိသည်။ UNHCR ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များသည် နေရပ်ပြန်ရန် စိတ်ပါဝင်စားမှုရှိသူ မည်သည့်ဒုက္ခသည်ကိုမဆို ဆွေးနွေးလမ်းညွှန်မှုပေးရန် အမြဲရှိနေကြပြီး UNHCR ထံသို့ ချဉ်းကပ်ဆောင်ရွက်ရန် နှင့် သတင်းအချက်အလက်အများအပြားကို ၎င်းတို့လက်ခံရယူနိုင်မည့် စခန်းတိုင်းတွင်ရှိသော မိမိဆန္ဒအလျောက် ဌာနေပြန်ရေး အကျိုးဆောင်ဗဟိုဌာန(VRCs) ထံသို့လည်း ချဉ်းကပ်ဆောင်ရွက်ရန် တိုက်တွန်း အားပေးလျှက်ရှိပါသည်။




*အိမ်တွင် မိသားစုမှ အတူတကွ ထမင်းလက်ဆုံစားနေစဉ်* ©UNHCR

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

**အချက်အလက်များ ပိုမိုသိရှိလိုပါက....**

စခန်းထဲရှိ VRC စင်တာတွင်ဖြစ်စေ ၊ UNHCR ရုံးတွင်ဖြစ်စေ ရှိသည့် မည်သည့် UNHCR ဝန်ထမ်းကိုမဆို လာရောက်ဆက်သွယ်နိုင်ပြီး UNHCR Information Management Unit - Thailand: imumaesot@unhcr.org ထံသို့လည်း ဆက်သွယ်နိုင်ပါသည်။